ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊

ရွှေတောင်ကြား (၂)ရပ်ကွက်၊ လောင်းဝစ်(စ်)လမ်းရှိ

အလယ်တောရ စာချပါဠိတက္ကသိုလ်

ကျောင်းတိုက်ကြီး၏ ဦးစီးနာယက

နိုင်ငံတော် ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ

အဂ္ဂမဟာအကျော်

ဘဒ္ဒန္တသုရိယာဘိဝံသ

၏

# ဓာတုပစ္စည်း အကျဉ်းချုပ်

၁၄၉၀၂

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်

ရွှေတောင်ကြား (၂)ရပ်ကွက်၊ လောင်းဝစ် (စ်) လမ်းရှိ

အလယ်တောရ စာချပါဠိတက္ကသိုလ်

ကျောင်းတိုက်ကြီး၏ ဦးစီးနာယက

နိုင်ငံတော် ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ

အဂ္ဂမဟာအကျော်


**ဘဒ္ဒန္တသူရိယာဘိဝံသ**

**၏**

# ဆေရုပ္ပတ္တိ အကျဉ်းချုပ်

◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆

ရန်ကုန်မြို့ ကမ္ဘာ့အေး သာသနာ့ရေးဦးစီးဌာနပုံနှိပ်တိုက်တွင်
ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်မောင်
(မှတ်ပုံတင်အမှတ် ၀၂၄၀၅/၀၂၅၂၇)က ပုံနှိပ်ထုတ်ဝေသည်။



နိုင်ငံတော် သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ
အဂ္ဂမဟာအကျော် ဘဒ္ဒန္တသူရိယာဘိဝံသ၏
ပုံတော်

# ဆရာတော် ဦးသုရိယာဘိဝံသ၏ ထေရုပ္ပတ္တိအကျဉ်း

၁။ ကျွန်ုပ်တို့၏ကျေးဇူးရှင်ဖြစ်တော်မူသော အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော် ဩဝါဒါစရိယ အဂ္ဂမဟာအကျော် ဆရာတော် ဘဒ္ဒန္တသူရိယာဘိဝံသ၏ ဘဝဖြစ်စဉ် အကျဉ်းချုပ်မျှသာ ဖြစ်ပါသည်။ ဆရာတော် ဘုရားကြီးသည် ငယ်စဉ်အခါမှစပြီး ပရိယတ္တိသာသနာတော်ကြီးကို စွမ်းစွမ်းတမန်ဖြင့် ကျိုးစားအားထုတ်ခဲ့ပြီး မိမိတတ်မြောက်သလိုပင်တပည့်သား သံဃာတော်များနှင့် သီလရှင်ဆရာကလေးများ လူဒါယကာဒါယိကာမများတို့အား အမျိုးမျိုးသောပေကျမ်းဂန်များကို ပို့ချသင်ကြားခဲ့သောကြောင့် ဆရာတော်ကြီး၏ ယခုဖော်ပြ ရေးသားသည့် ဂုဏ်ပုဒ်များသည် အနည်းငယ်မျှသာဖြစ်ပါသည်။ ပရိယတ္တိ ဓမ္မသာသနာ ပြုခဲ့ပုံများကို ဘာကယ် ရေးသားရလျှင် ရေးသားလို့ကုန်နိုင်ဖွယ် မရှိပါ။ သို့ဖြစ်၍ အောက်ပါအရေးအသားများမှာ အကျဉ်းချုပ် မျှသာ ဖော်ပြရခြင်း ဖြစ်ပါသည်။

၂။ ကျွန်တော်တို့၏ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးမှာ ရွှေ[illegible]သာဇု မြစ်ဧရာဝတီ မြစ်ကြီး၏အနီး က[illegible]မြို့ ကနောင်လေးရပ်နေ မြေပိုင်ရှင်ကုန်သည်ကြီး ဦးကျော်သိန်း ဒေါ်အေးလှ မိဘနှစ်ပါးတို့မှ ၁၂၈၃-ခုနှစ် [illegible]လပြည့်ကျော် ၄-ရက် သောကြာနေ့မြတ်တွင် ဖွားမြင်ခဲ့သော သားကြီး

ရတနာ ဖြစ်ပါသည်။ မွေးပေါက်ဖော်များမှာ ဦးမောင်သန့်၊ ဒေါ်သန်းတင်၊ ဒေါ်သိန်းရီ၊ ကိုမြသိန်းဟု ညီအစ်ကို မောင်နှမ လေးယောက်မွေးဖွားခဲ့ရာ အကြီးဆုံး သားကြီးရတနာ ဦးမောင်သန့်မှာ ဆရာတော်ဦးသူရိယဖြစ်ပါသည်။ ယခု ၎င်း လေးယောက်တို့မှ သာယာဝတီခရိုင် မိုးညှင်းမြို့နယ် ရေကင်း သမ္ဘာရာုံကျေးရွာမှ ညီမအငယ်ဆုံး ဒေါ်သိန်းရီ တယောက်သာ ကျန်ပါတော့သည်။

ဆရာတော် ဘုရားကြီးသည် အသက်ငယ်စဉ် ၁၂-နှစ် အရွယ်သားဘဝက အင်္ဂလိပ်မြန်မာ ၄-တန်း စာမေးပွဲအထိ အောင်မြင်ခဲ့ပါသည်။ ၎င်း ၁၂-နှစ်သားပင် ရှင်ပြုပြီး သံပရာခုံ ဓမ္မာလင်္ကာရဆရာတော်ဦးနန္ဒာဘာသနှင့် ဦးစက္ကိန္ဒတို့ထံ၌ပင် ဝပ်တွား ခယလျက် ပညာရင်နို့ သောက်စို့ခဲ့ပါသည်။ ၎င်းနောက် ပြည်မြို့သို့ စာသင်တက်ခဲ့ပြီး လောကီလောကုတ် အမျိုးမျိုး သင်ကြားခဲ့ပါသည်။ အင်္ဂလိပ် မြန်မာ ၈-တန်း ၉-တန်းအထိ ဆက်လက်သင်ကြားခဲ့ပြီး လောကုတ္တရာ တရား ဓမ္မပိဋကတ်စာပေ ကျမ်းဂန်များကို နေ့မအား ညမအား ကြိုးစားသင်ယူခဲ့ပြန်ပါသည်။ ၎င်းပြည်မြို့၌ ဒေါ်မိနှင့်သမီး မယုနယ်တို့က ၁၂၉၃-ခုနှစ်တွင် ရဟန်းဒါယကာခံပြီး ရဟန်း ဘဝသို့ ရောက်ခဲ့ပါသည်။ ၎င်းပြည်မြို့မှ နန့်ကုန်မြို့သို့ ဗဟန်း အောင်မြေဘုံစံကျောင်းတိုက် ဆရာရင်း ပထမဆရာ ဖြစ်တော်မူသော ပထမဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဦးစန္ဒိမာ အဂ္ဂမဟာပဏ္ဍိတဆရာတော်ဘုရားကြီးနှင့် ဒုတိယဆရာတော် ဦးကောဏ္ဍညာဘိဝံသ၊ တတိယဆရာတော် ဦးစက္ကိန္ဒဆရာတော်များထံတွင် ဆရာနည်းကျကျ ပရိယတ္တိမေ့များကို သင်

အံလေ့ကျက်ပြီးလျှင် ၁၂၉၃-ခုနှစ် အစိုးရပထမငယ်တန်းကို အောင်မြင်ခဲ့ပါသည်။ ၁၂၉၄-ခုနှစ်တွင် ဆက်တိုက် ပထမလတ်တန်းကို အောင်မြင်တော် မူခဲ့ပါသည်။ မဟာအောင်မြေဘုံစံ ကဝိလက္ခဏာစာမေးပွဲ၌လည်း ရှစ်ဆင့်လုံးတွင် (၁) နံပါတ်ချည်း အောင်မြင်ခဲ့သဖြင့် (ကဝိလက္ခဏာလင်္ကာရ) ဘွဲ့တံဆိပ်ကို ရရှိခဲ့သောကြောင့် အောင်မြေဘုံစံ ကျောင်းတိုက်တွင် ပါဠိစကားပြောအဖွဲ့၌ (ပါဠိစကားပြော ခေါင်းဆောင်ဖြစ်ခဲ့ကြောင်း။)

၁၂၉၈-ခုနှစ်တွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားပေါ်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော စေတိယင်္ဂဏစာမေးပွဲ စာသင်တန်းကို အောင်မြင်ခဲ့ပါသည်။ ၁၂၉၉-ခုနှစ်တွင် အင်းစိန်မြို့ရဝန်ထောက် ဦးဘနှင့် ဇနီးဒေါ်ဒေါ်စု ဒေါ်ဒေါ်ညွန့်တို့က ဒုတိယအကြိမ် သိက္ခာထပ်တင်ခဲ့ပါသည်။ ၁၃၀၀-ပြည့်နှစ်တွင် ရန်ကုန်မြို့ ခရစ်လမ်း မြေပိုင်ရှင်သဌေးကြီး ရွှေတိဂုံအရှေ့မုခ် တန်ဆောင်းကြီး ဒါယကာ ဦးမြိုင် ဒေါ်လေးခင်တို့က ပစ္စည်းလေးပါး ဒါယကာခံယူကာ သိမ်ထပ်မင်္ဂလာ ပြုခဲ့ကြောင်း။ ၁၃၀၂-ခုနှစ်တွင် အစိုးရပထမကြီးတန်းကို အောင်မြင်ခဲ့ပါသည်။

## စေတိယင်္ဂဏ ဓမ္မာစရိယ တန်း အောင်မြင်တော်မူခြင်း

ဆရာတော်ဘုရားကြီးသည် ၁၃၀၀-ပြည့် သက်တော် ၂၇-နှစ်တွင် ရန်ကုန်မြို့ စေတိယင်္ဂဏစာမေးပွဲ စာချတန်း၌ ဒုတိယအမှတ်အများဆုံးဖြင့် အောင်မြင်ခဲ့၍ သူရိယဘိဝံသစေတိယင်္ဂဏ ပရိယတ္တိ ဓမ္မာစရိယ [illegible] ဘွဲ့တံဆိပ်တုံးနှင့်

၁၄၉၈၂

သီးခြားစာချုလက်မှတ်ကို ရရှိခဲ့ကြောင်း ထိုအချိန်မှစပြီး စေတိယင်္ဂဏအသင်းကြီး၏ ဆွမ်းဆန်တော်ထောက်ပံ့မှုကို နှစ်ပေါင်း ၄၅-နှင်တိုင်တိုင် ရရှိခဲ့ကြောင်း ၁၃၀၁-ခုနှစ်တွင် ပခုက္ကူမြို့ အနောက်တိုက်ကြီးတွင် လည်းကောင်း၊ ၁၃၀၂-ခုနှစ်တွင် မန္တလေးမြို့၊

တောင်သမန်တိုက်နှင့် တောင်ပြင် ထီးလင်းတိုက်တို့တွင် မန္တလေးနည်း၊ ပခုက္ကူနည်းဟူသော စာချနည်း အမျိုးမျိုးကို သင်ယူခဲ့ပါသည်။ ဤကဲ့သို့ မန္တလေးမြို့၌ စာသင်ကြားယင်း စာပါဌ်ချယင်းဖြင့် နေ့စဉ် ဝိနယဝိနိစ္ဆယဝိဘာဝနီခေါ် ဝိနည်း အဆုံးအဖြတ် ရှင်းတမ်းကျမ်းတစောင် ရေးသားခဲ့ပါသည်။ ၎င်းကျမ်း ယခုအချိန်အထိ ပုံနှိပ်မရိုက်ရသေးပါ၊ ၎င်းနောက် ဆန်းကျမ်းတကျမ်းလည်း ပြုစုပြီးရှိကြောင်း၊ ၎င်းကျမ်းလည်း မရိုက်နှိပ်ရသေးပါ။

၁၃၀၃-ခုနှစ်မှစပြီး ရန်ကုန်မြို့ မဟာအောင်မြေဘုံစံကျောင်းတိုက် နာယကအဖွဲ့ဝင် စာချပုဂ္ဂိုလ်အဖြစ်နှင့် နေထိုင်ခဲ့ယင်း အစိုးရပထမပြန်တန်းနှင့် ဂုဏ်ထူးဆောင်တန်းတွင် ကျမ်းကြီး (၆) ကျမ်းကို နံပါတ် (၁) ဖြင့် အောင်မြင်ခဲ့ကြောင်း၊ ထို့နောက် ကာလပျက်ပြီး ဂျပန်ခေတ် (၄) နှစ်တိုင်တိုင် စာပေ ရပ်နားခဲ့ရကြောင်း။

### စစ်အတွင်း ၄-နှစ်တိုင်တိုင် လုပ်ဆောင်ချက်
### အဆာဟိရှင်ဘွန်းနှင့် ဘဒ္ဒန္တသူရိယာဘိဝံသ

ဂျပန်ခေတ်တွင် ရန်ကုန် ဂျပန်ကျောင်းကြီး၌ တနှစ်နှင့် ခြောက်လခန့် ဂျပန်စာသင်ကြားခဲ့ရာ ၃-လတကြိမ်စာမေးပွဲ၌

၄-ကြိမ်တိုင်တိုင် တစ်စဲခဲ့ကြောင်း၊ ခတာခန၊ ဟိရခန၊ ခန့်ချိ သုံးမျိုးလုံးနှင့် ဂျပန်စကားကို (၆) လခန့် သင်ကြားရုံမျှဖြင့် အမိဘာသာကဲ့သို့ တတ်မြောက်ကြောင်းကို ဂျပန်ပြည် အိုစကာမြို့မှ ထုတ်ဝေသော အဆာဟိရှင်ဘွန်းနှင့် အခြား နာမည်ကျော် သတင်းစာကြီးတို့တွင် ဆရာတော်ဘုရားကြီး၏ ဓာတ်ပုံနှင့် ထေရုပ္ပတ္တိတို့ကို ဖော်ပြချီးကျူး ရေးသား ခဲ့ကြောင်း။

ထို့နောက် ဂျပန်ကင်ပေတိုင်အဖွဲ့တွင် စစ်ဗိုလ်ကြီး (အဲကေးနဂါး)၏ တိုက်တွန်း တောင်းပန်ချက်အရ ရန်ကုန်မြို့ ပုလိပ်ရုံးကြီးတွင် (၂)နှစ်တိုင်တိုင် ဂျပန်စစ်သား များစွာတို့အား မြန်မာစာသင်ကြားပေးပြီး မြန်မာပြည်လွတ်လပ်ရေးရ ရန်အတွက် တိုက်တွန်း၍ အမျိုးမျိုး သောင်ချက်ခဲ့ကြောင်း။

## လွတ်လပ်ရေးရပြီးနောက်ပိုင်း အဂ္ဂမဟာအကျော် ဘွဲ့ထူးဆွတ်ခူးခဲ့

ဘဒ္ဒန္တသုရိယာဘိဝံသ ဆရာတော်ဘုရားကြီးသည် အင်္ဂလိပ် ဂျပန်စစ်ပွဲပြီးငြိမ်းသည်နှင့် တပြိုင်နက် မြတ်စွာဘုရား ဟောကြားတော်မူသော ပရိယတ္တိ သာသနာပြု လုပ်ငန်းကြီးကို ပြန်လည်၍ တည်ထောင်ရန်အတွက် ကျန်ရှိနေသေးသော ဓမ္မာစရိယ ဂုဏ်ထူးတန်းကို ၁၃၀၉-ခုနှစ် နယုန်လတွင် ကျင်းပရာ ဆရာတော်ဘဒ္ဒန္တသုရိယာဘိဝံသ ဝင်ရောက်ဖြေဆိုခဲ့ရာတွင် မြန်မာပြည်လုံး၌ အမှတ်အများဆုံးနှင့် အထူးအကောင်းဆုံးအောင်မြင်သောကြောင့် ပထမရပြီး အဂ္ဂမဟာအကျော်

ဟူသော ဘွဲ့ထူးကို ဆွတ်ခူးရရှိတော်မူခဲ့သော ဆရာတော် ဘဒ္ဒန္တသူရိယာဘိဝံသ ဖြစ်ပါသည်။

၎င်းအကြောင်း ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် လက်မှတ်ဆက်ကပ်မည်ဟုမြန်မာ့အလင်းသတင်းစာမှ တွေ့ရှိခဲ့ရပါသည်။

**စာသင်တိုက်ဖွင့် သံဃာမွေး**

ဆရာတော် ဘဒ္ဒန္တသူရိယာဘိဝံသ-သည် ၁၃၁၂-ခုနှစ်မှစပြီး အလယ်တောရ စာချ ပါဠိတက္ကသိုလ် ကျောင်းတိုက်ကြီးကို စတင်ထူထောင်ခဲ့ပြီး မြန်မာပြည်အရပ်ရပ်မှ သံဃာတော်များကို လက်ခံပြီး စာပေပို့ချသင်ကြားပေးခဲ့ပါသည်။ ဆရာတော် စာချအလွန်မတန် ကောင်းသောကြောင့် ဤပါဠိတက္ကသိုလ်ကျောင်းတိုက်အတွင်း တနှစ်လျှင် သံဃာ ၁၀၀-မှ ၁၅၀ ၂၀၀ ကျော်မျှ လက်ခံကျွေးမွေးပြီး စာသင်ပေးခဲ့ရာ နှစ်စဉ်ပါင်း ၃၀-ကျော်မှ တပည့် ဓမ္မာစရိယစာမေးပွဲ အောင်မြင်သူ ထောင်သောင်းချီပြီး ရရှိအောင် သာသနာကိုချီးမြှင့်မြေတောင်မြှောက်ခဲ့သော ဆရာတော်ဘုရားကြီး ဖြစ်ခဲ့ပါသည်။ ယခုအချိန်မှစပြီး အလယ်တောရကျောင်းတိုက်ကြီးသည် စာပေ သင်ကြားချပို့ လျက် တပည့်သံဃာတော်များဥဒ္ဒတို့ဖြင့် စည်ကားသိုက်မြိုက်လျက် ရှိခဲ့ပါသည်။ မြန်မာပြည် တပြည်လုံးတွင် စာအောင်သံဃာအများဆုံး အောင်မြင်သော ကျောင်းများကို အစိုးရမင်းတို့က ရွေးချယ်ရာ ဤ အလယ်တောရ စာချ ပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီးသည် နံပါတ် (၁)ဖြင့် အများဆုံးအောင်မြင်ခဲ့သော စာချပါဠိတက္ကသိုလ် ကျောင်းတိုက်ကြီး ဖြစ်ခဲ့ပါသည်။

## ဆဋ္ဌသံဂါယနာတင်ပွဲတော်ကြီး

ဤမြန်မာနိုင်ငံတော်တွင် သာသနာတော် အဓွန့်ရှည်စွာ တည်တံ့ရေးအတွက် ဆဋ္ဌသံဂါယနာတင် ပွဲတော်၌လည်း ပါဠိတော် အဋ္ဌကထာ ကျမ်းဂန်များကို ပြင်ဆင်ရေး ပါဠိဝိသောဓက အဖွဲ့တို့တွင်လည်း အမျိုးမျိုး ဆောင်ရွက်နေခဲ့ပါသည်။

## အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကပ်လှူ

အလယ်တောရစာချပါဠိတက္ကသိုလ်ကျောင်းတိုက် ဘဒ္ဒန္တသူရိယာဘိဝံသသည် ကမ္ဘာ့တပန်းတို့အား စာပေသင်ကြားချပို့ခြင်း၊ စာပေရေးသားခြင်း သာသနာပြု လုပ်ငန်းတို့ဖြင့် အထူးအောင်မြင်တော်မူသောကြောင့် ၁၉၅၇-ခုနှစ် ဧပြီလ (၁၂)ရက်၊ ၁၃၁၉-ခုနှစ် နယုန်လပြည့် မဟာသမယ နေ့ထူးနေ့မြတ်အခါတော်နေ့တွင် နိုင်ငံတော်သမ္မတကြီးဦးဝင်းမောင်တို့နှင့် အစိုးရအဖွဲ့မှ အဂ္ဂမဟာပဏ္ဍိတဟူသောဘွဲ့ထူးဖြင့် ဆက်ကပ်လှူဒါန်းတော်မူခဲ့ပါသည်။

## နိုင်ငံတော်သြဝါဒါစရိယဖြစ်လာ

၁၃၄၁-ခုနှစ်၊ ၁၉၇၉-ခုနှစ်များမှ စပြီး အစိုးရမင်း တို့၏ သာသနာတော်သန့်ရှင်းအောင်တံ့ပြန့်ပွားရေး ဟူသော ရည်ရွယ်ချက်ဖြင့် ပြုလုပ်ခဲ့သော သာသနာတော်ကြီးပွါးရေး လုပ်ငန်းကိုလည်း ကမ္ဘာအေးကုန်းမြေ၌ စည်းဝေးတိုင်း ကြွရောက်ပြီး အကြံပေးခြင်း၊ ဆုံးဖြတ်ခြင်းတို့ဖြင့် သာသနာ့တာဝန်ကြီးကို ဆောင်ရွက်တော်မူခဲ့သဖြင့် နိုင်ငံတော်သြဝါဒါ

စရိယဟူသော ဘွဲ့ထူးဂုဏ်ထူး တံဆိပ်တော် လက်မှတ်ကို ရရှိတော်မူခဲ့ပါသည်။

ဤကဲ့သို့ ဘွဲ့ထူးဂုဏ်ထူး အထပ်ထပ် ရရှိခဲ့သော ဆရာတော်ဘုရားကြီး ဖြစ်ပါသည်။ သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ဆရာတော်ဘုရားကြီး၏ နောက်ဆုံးပေးကမ်း ဆုံးမတော်မူခဲ့သော ဩဝါဒကထာ မိန့်ခွန်းစကားတော်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်—

> ဝိဝါဒံ ဘယတော ဒိသွာ၊ အဝိဝါဒဉ္စ ခေမတော။
> သမဂ္ဂါ သခိလာ ဟောထ၊ ဧသာ ဗုဒ္ဓါနုသာသနီ—

ဟူသော ဓမ္မပဒပါဠိတော်လာ အတိုင်းပင် အမြဲမပြတ် ဆုံးမလေ့ရှိတော်မူပါသည်။

ဘိက္ခဝေ၊ သံသရာဘေး ရှုတွေးမြော်မြင် ငါ့ရှင်တပည့် ရဟန်းတို့။ ဝိဝါဒံ၊ တယောက်နှင့်တယောက် ငြင်းခုံ ပြောဆိုခြင်း အမှုမျိုးကို။ ဘယတော၊ သာသနာတော်ကြီး၏ ဘေးရန်ကြီး ဟူသော အနေအားဖြင့်။ ဒိသွာ၊ ရှုမြင်ကြကုန်သည် ဖြစ်၍။ အဝိဝါဒဉ္စ၊ ငြင်းခုံမှုမရှိ ပကတိ သင့်တင့်ညီညွတ်ခြင်း အမှုမျိုးကို လည်း။ ခေမတော၊ ဘေးကင်း ရန်ကင်း ချမ်းသာခြင်း အနေအားဖြင့်။ ဒိသွာ၊ ရှုမြင်ကြကုန်သည် ဖြစ်၍။ သမဂ္ဂါ၊ သာသနာရေးဘက်၌ တစုတဝေး စည်းစည်းလုံးလုံး ညီညွတ်ကြကုန်သည်။ ဟောထ၊ ဖြစ်ကြပါလေကုန်လော့။ သခိလာ၊ သာသနာအရေး တို့အရေးဟု ပြေပြေပြစ်ပြစ် ချစ်ချစ်ခင်ခင် မဆန့်ကျင်ကြကုန်သည်။ ဟောထ၊ ဖြစ်ကြပါ

လေကုန်လော့။ သော၊ ဤသို့ တစုတဝေးတည်း ညီညွတ်ခြင်း ပြေပြေပြစ်ပြစ် ချစ်ချစ်ခင်ခင် မဆန့်ကျင်ခြင်းသည်။ ဗုဒ္ဓါနု-သာသနီ၊ ဘုရားရှင်အပေါင်းတို့၏ အမြတ်ဆုံး သြဝါဒ အဆုံး အမတော်ကြီးပါပေတည်း –

ဟူသော သြဝါဒစကား ဖြစ်ကြောင်းကို အကျဉ်းချုပ် အားဖြင့် ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိကို တင်ပြအပ်ပါ သည်။

---

**မှတ်ချက်။** ။ဆရာတော်၏တပည့် ရဟန်းတော်များ တပည့် သီလရှင်များ လူဒါယကာ ဒါယိကာမအပေါင်း တို့မှ သံသမျှ ကျေးဇူး ဂုဏ်ပုဒ်များရှိသဖြင့် မပါရှိပါက ခွင့်လွှတ်တော်မူကြပါ။

ရေးသားတင်ပြသူ

တပည့်ရင်း

ဆရာဦးအောင်သာ၊ နက္ခတ်ဗေဒင်နှင့် လက္ခဏာဝိဇ္ဇာ
တိုင်းရင်းမြန်မာဆေး ဒ-ဘ-ဓ(ဒ)ဂုဏ်ထူး အဘိဓမ္မာ
တောင်သာဆေး မဟာဘိသက္ကပဏ္ဍိတနှင့်
အဂ္ဂိုးရမ္မာစရိယ
၁၅၃/၁၅၉ ဘောင်ဒရီလမ်း
ဗဟန်း၊ ရန်ကုန်မြို့။

ပ·မ·သ·စ ၄၄၀—၁၂-၁၀·၇၂ ၃၀၀၀-အုပ်။